ကိုးကွေ့ကျေးရွာ

ပင်လောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၀ – ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကိုးကွေ့ကျေးရွာ၊ပင်လောင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာ လ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကိုးကွေ့ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်လောင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် **၈**

(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂)ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃)ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄)ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(ဉ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆)ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၂၀

(၇)ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉)ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁)စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁)လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂)ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများဇယား
၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွေထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း

တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

အောက်တိုဘာ လ၊ ၂၀၂၁ ခုနှစ်

ကျေး ရွာ ဖွံ့ ဖြိုး ရေး အ ဖွဲ့
ကိုးကွေ့ကျေးရွာ
ပင်လောင်းမြို့နယ်



ကိုးကွေ့ကျေးရွာသယ်ဇာတပြမြေပုံ၊ ပင်လောင်းမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းေ
ောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကိုးကွေ့ကျေးရွာသည် ပင်လောင်းမြို့နယ်၊ ပင်လောင်း-တပ်ကုန်း-ပျဉ်းမနား ကားလမ်းနံဘေးတွင် တည်ရှိပြီး သွားလာရလွယ်ကူပါသည်။ကျေးရွာသည် တောင်စောင်းဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချန်လက်မှ (၄၀) လက်မနှင့်အထက်တွင်တည်ရှိပြီး မိုးနည်းသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူ

ပြုပါသည်။ မြေပြင်အနေအထားမှာလည်း တောင်စောင်းဒေသဖြစ်သည်။ယာမြေများသည် စပါး၊ စနွင်း၊ငှက်ပြော စသည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာ ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏ အရှေ့ဘက်မြောက်ဘက်တွင် ရေတံခွန်တည်ရှိပြီး၊အရှေ့တောင်ဘက်တွင် ငှက်ပြော ခင်းများ၊ အနောက်ဘက်တွင် ဥယျာဉ်ခြံများတည်ရှိပါသည်။ ကျေးရွာတွင် လယ်ယာမြေအနည်းငယ်ရှိပြီး မြေဆီများအနေဖြင့် ကောင်းမွန်မှုမရှိပါ။ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမထွက်ရှိပါ။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ စားကျက်မြေသီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရများသော အပင်များသာ ရှိသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၅၄)စုနှင့် ကျား(၁၂၅)၊ မ(၁၆၀)ဦးဖြင့် လူဦးရေပေါင်း(၂၈၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် ပိုမိုများပြားပါသည်။ ကျေးရွာတွင် ကယန်း၊ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအား လုံး၏ ၆၅% ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် (၂%)ပိုများသဖြင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် ငှက်ပျော၊စနွင်း ဥယျာဉ်ခြံလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေ အထားမှာ သာမန်အားဖြင့်အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၂% သည် ဆင်းရဲနှင့် ၈%သည်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၁% သည် ချမ်းသာသည့် အဆင့်၊၂၉%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင်မြေယာပိုင်ဆိုင်မှု လက်လှမ်းမှီမှု၊လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မရှိခြင်းတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထား မှာမကောင်းဟုပြောနိုင်သည်။ချမ်းသာသောအိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊နေ့စားစသည့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ယင်းတို့အနက် မပြေလည်သည့်အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ တောင်ယာလုပ်ကိုင်သည့်အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်(၈%)သည်အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများတွင်ပါဝင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် ဆင်းရဲသောအဆင့်ရှိ အိမ်ထောင်စုများရှိသော်လည်း မြေယာမဲ့အိမ်ထောင်စုမရှိဘဲ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ကျပန်းလုပ်ငန်း စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၇၀%ဖြစ်သော (၄၀)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၄၅%မှာ ဝမ်းစာဖူလုံမှုအနေဖြင့် ၃လခန့်နှင့် ၆-၁၂လခန့်၂၅% ခန့်မှာ ၃ လမှ ၁၂ လခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲ နပ်မှန်စား သုံနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁၀၀၀၀၀/-ကျပ်မှ ၅၀၀၀၀၀/-ကျပ်ထိတင်ရှိနေကြသည်။ချေးငွေအများစုကိုကျေးရွာရှိအများပိုင်ရန်ပုံငွေများ၊ Pact Myanmarမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စိုက်ပျိုးရေး၊ ရောင်းဝယ်ရေးဆိုင်ရာအရင်းအနှီးလုပ်ငန်းများအတွက် အဓိကသုံးစွဲကြပြီးဝင်ငွေ ရအလုပ်အကိုင်များအတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများများ၊ မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၂)ဦး ရှိပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တောပြုန်းတီးမှုကိုသာအသင့်အတင့် အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကိုနိမ့်သည့် အနေအထားများတွင်သာ တွေ့ရသည်။ ထိခိုက် သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စုအလိုက် ခွဲခြား သတ်မှတ်ရာတွင်လည်း လူငယ်များ၊ ဆင်းရဲသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စုနှင့်ဆင်းရဲသည့် နေ့စားအိမ်ထောင်စုများမှာ ထိခိုက်သက်ရောက်မှု နိမ့်ကြောင်းတွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သား များကိုလည်း အပတ်စဉ်ခန့် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ (၃)မိုင်ခန့်ဝေးပြီး ကာလမ်းဖြင့်သွားလာနိုင်သော တောင်ကျကျေးရွာကျေးလက်ကျန်းမာရေးဌာနနှင့် (၂၀) မိုင်ခန့်ကွာဝေးသော ဖိုကုန်းတိုက်နယ်ဆေးရုံသို့ သွားလာနိုင်ပြီး ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီမှုရှိပါသည်။ကျေးရွာတွင် စိမ့်စမ်းရေကိုရရှိနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောဝ၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်းတွေ့ရသည်။ ရာသီအကူးအပြောင်းတွင် အဖျားအနာများ ဖြစ်ပွားမှုများသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရှိရပါသည်။ သက်ကြီးရွာသားအများစုသည် ဘုန်းတော်ကြီးကျောင်းသင်ပညာရေး ကိုသာရရှိကြပြီး အခြေခံအရေး၊အဖတ် အတွက်

တို့ကို တတ်မြောက်ကြသည်။အလယ်တန်းနှင့်အထက်တန်း ပညာတတ်ဦးရေလည်းများသော်လည်း ဘွဲ့ရ အရေအတွက်ဦးရေမှ အလွန်နည်းပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာတွင်း၊(၁၅၀)မိုင်ခန့် ကွာဝေးသော ပျဉ်းမနားကျေးရွာတွင်သင်ကြားနိုင်ပြီး၊အထက်တန်းပညာရေးကို(၁၄၀)မိုင်ခန့် ကွာဝေးသော ဖယ်ခုံမြို့နှင့် ပင်လောင်းမြို့များတွင် တက်ရောက်သင်ကြားရပါသည်။သို့သော် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံ သည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း အလွန်နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/မတို့၏ အခန်းကဏ္ဍမှာ အမျိုးသားများကသာဦးဆောင်၍ ဆုံးဖြတ်ကြကြောင်း တွေ့ရပြီး ရပ်ရွာအရေးကိစ္စများတွင်လည်း အမျိုးသားကသာ ဦးဆောင်ကြကြောင်းတွေ့ရသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများအပြင်စိုက်ပျိုးရေးလုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်ကြသည်။ကျားနှင့်မအကြား ပြင်းထန် သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ ။

ကျေးရွာတွင် နေ့ထွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများအနေဖြင့် လုပ်အားခလျော့ နည်းပြီး ရကြသည်။အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများတွင်လည်း အမျိုးသမီးပါဝင်မှု အင်မတန်နည်းပါး သည်။ ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေခြင်းဖြင့် ကျား/မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပို၍ အထောက်အပံ့ကောင်းများ ရရှိလာစေမည်ဖြစ်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွါးရေးဆိုင်ရာ(၂)ဖွဲ့တို့ရှိသည်။ လူမှုရေးအဖွဲ့တွင်မူ ကျေးရွာ၏လူမှုရေး၊ သာရေးနာရေးကိစ္စများအတွက် ဈေးဝယ်ခြမ်းရေး၊ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင် ရွက်မှုများ ကောင်းမွန်သည်။

ကျေးရွာတွင် စီးပွားရေး အခြေခံအသင်းအဖွဲ့များအဖြစ် Pact Myanmar ရန်ပုံငွေအဖွဲ့၊ စိုက်ပျိုးရေး နှင့်မွေးမြူရေးအဖွဲ့အစည်းတို့သည်ကျေးရွာတွင်း အသင်းအဖွဲ့များတွင်ပါဝင်ဆောင်ရွက် လျက်ရှိကြသည်။ ကျေးရွာအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို ရရှိထားနိုင်ခြင်းမရှိသေးပါ။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ၄က်ပျော၃ယျာဉ်ခြံနှင့် စနွင်းများကို အဓိကထား စိုက်ပျိုးကြပြီး ၄က်ပျောတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၂၅)ခိုင်နှင့် စနွင်းတစ်ကေပျမ်းမျှ အထွက်နှုန်းမှာ(၂၀)ပိဿာ ထွက်ရှိပါသည်။ စိုက်ပျိုး

ရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီး စိုက်ပျိုးရေး ပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးကြသည်။ ကျေးရွာတွင်စိုက်ပျိုးရေးဦးစီးဌာနမှ ကမကထပြုပြီး ငှက်ပျောမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးဆောင်ရွက်ခြင်း၊ စံပြစိုက်ကွက်များ နမူနာပြစိုက်ပျိုးခြင်းများရှိသည်။ တောင်သူအများစုသည် စိုက်ပျိုးချိန်တွင်တစ်ပြိုင်နက်စိုက်ကြသဖြင့် လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။သီးနှံစိုက်ခင်းများတွင် ယခုနှစ်များတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်နှင့် ဆေးဝါးတို့ကို လက်လှမ်းမီမှု ရှိကြပါသည်။

ကျေးရွာတွင် လယ်မြေမရှိခြင်းကြောင့် ကျေးရွာသူ/သားများအနေဖြင့် ငှက်ပျော်ဥ_ယျာဉ်ခြံကိုသာ တစိုက်မတ်မတ် အဓိကားထားလုပ်ကိုင်နေကြပြီး လူအားဖြင့်သာ ဆောင်ရွက်နေရသောကြောင့် လုပ်သားငှားရမ်းခစျေးနှုန်းသက်သာစွာ ရရှိနိုင်ရေးအတွက် လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၁% ဝန်းကျင်သာရှိပြီး ဒေသမှဝက်မျိုးများကို တစ်အိမ်လျှင် ပျှမ်းမျှ (၂)ကောင်နှုန်းသာ မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုသည် တစ်ရွာလုံး၏ ၆၀%ခန့်အထိရှိပြီး တနိုင်တပိုင်ကြက်မွေးမြူရေးလုပ်ငန်းအနေဖြင့် များပြားပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။ ကျေးရွာတွင် တနိုင်တပိုင်ဝက်မွေးမြူသည့် အိမ်ထောင်စုအရေအတွက်နည်းပြီးနှင့် ကြက်မွေးမြူသည့် အိမ်ထောင်စုအနေဖြင့် တစ်အိမ်ထောင်လျှင်(၇)ကောင်အထိ မွေးမြူကြသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှ ဆက်စပ်ဝင်ငွေအထိုက်အလျောက်ရရှိနိုင်ခြင်း၊ ကူးစက်ရောဂါအခါအားလျော်စွာ ကျရောက်တတ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစား ဆောင်ရွက်ပြီး ဝင်ငွေရရှိလိုမှု အားနည်းကြခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းနည်းပါးသည်။ ကျေးရွာတွင် မွေးမြူရန် ရေ/မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် နေ့စားများနှင့် ဆိုင်ကယ်ဝမ်ရော့လုပ်ငန်းများမှအပ အခြားအိမ်တွင်းမှု ကုန်ထုတ်လုပ်အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စာအပြင် ဈေးရောင်း၊ အစိုးရဝန်ထမ်းများ ဖြစ်ကြပြီး လုပ်ငန်းအများစုမှ ရာသီဥ_တုနှင့်အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှအသင့်အတင့်အနေအထား တွင်ရှိကြသည်။

ကျေးရွာတွင် ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၅,၀၀၀/-ကျပ် သာလျှင် ရနိုင်ကြသည်။ ကျေးရွာတွင်၏ အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် ငှက်ပျောနှင့်စန္ဒင်း ခူဆွတ်ရိတ်သိမ်းချိန်များတွင်လုပ်အားခကို နေ့အလိုက်သတ်မှတ်ကြပြီး ငှက်ပျောခူးဆွတ်ချိန်တွင် တစ်ရက်လျှင် လုပ်အားခ(၅၀၀၀/-)ကျပ်ရရှိပြီး၊ စန္ဒင်းရိတ်သိမ်းလျှင်လည်း တစ်ရက်လုပ်အားခ(၅၀၀၀/-)ထိ ရရှိကြသည်။ ကျေးရွာမှ အလုပ်

သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ ဧပြီ လမှ ဇွန် လအထိကာလများသည် နေ့စား များအတွက် ပုံမှန်ရရှိပြီး လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် ကွဲပြားခြားနားမှု မရှိဘဲ တန်းတူရရှိကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ ပင်လောင်းမြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည် အချင်းပိုင်းတွင်လည်း နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာမှ ငှက်ပျောနှင့်စနွင်း စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာသည်။ တောင်သူများ အနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ် စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာ ပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာသည် တောင်စောင်းဒေသတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှကင်းဝေးသည် မိုးများ ရပ်ဝန်း ဒေသဖြစ်ခြင်းကြောင့် တစ်ခါတစ်ရံ အားပျော့သောဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်မှု ကြုံတွေ့ရ တတ်သည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် Pact Myanmar မှထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၂ ကျပ်တိုး၊ ဇကအလိုက်ချေးယူနိုင်မှုသတ်မှတ်ချက်မရှိဘဲ ချေးယူနိုင်ကြသည်။ ကျေးရွာတွင် အဆိုပါ Pact Myanmar ကျေးရွာရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းထားပြီး ရွာသားအများစုသည် အဖွဲ့အလိုက် အဖွဲ့ဝင်များအဖြစ် ပါဝင်နေကြကာ တစ်နှစ်အတိုးနှုန်း ၂%ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့များတွင် ချေးငွေကို (၃)လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ် စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေး ဆိုင်ရာစည်းကမ်းပိုင်းတွင်တင်းကျပ်ထားသည်။မြစိမ်းရောင်ရန်ပုံငွေများကို နိုင်ငံတော်ထောက်ပံ့ငွေဖြင့်လည် ပတ်လျက်ရှိပြီး ကျေးရွာသားများ အထူးသဖြင့် ဆင်းရဲပြီးအလုပ် ကြိုးစားသည့်အိမ်ထောင်စုများ၊ အမှန် တကယ်လိုအပ်သည့် အိမ်ထောင်စုများကို ထုတ်ချေးသည်။ လက်ရှိတွင် ငွေချေးသူ ၃၅ ဦးကျော်ရှိပြီး တစ်ဦးလျှင် ၅၀၀၀၀၀/-ကျပ်ထိ၊ အတိုးနှုန်းတစ်လလျှင် (၂)ကျပ်တိုးဖြင့် တစ်နှစ်တာ ချေးခွင့်ပြုထားသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း

တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ် (၁၀၀၀၀၀/-မှ ၅၀၀၀၀၀/-)အထိရှိကြကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို ၆၀ ပေ၊ ၄၆ ပေ၊ ၁၂ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေ အခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ကျေးရွာရှိစာသင်ကျောင်းကို ၂၀၀၄ ခုနှစ်က ကျေးရွာထည့်ဝင်မှုဖြင့် ဆောက်လုပ်ခဲ့သည်။ ကျေးရွာမှ ထည့်ဝင်ငွေ တစ်အိမ်လျှင်ပျမ်းမျှ (၅သောင်း မှ တစ်သိန်း) ခန့်ရှိခဲ့သည်။ ကျောင်းဆောင်အတွင်းတွင် ဆရာ၊ဆရာမ ရုံးခန်းဖွင့်လှစ်ထားပြီး ကျောင်းသားများအတွက် စာသင်ခန်းနှင့် နေရာများမှာလည်း လုံလောက်မှုရှိပါသည်။ရွာသားအားလုံး၏ ၇၅% မှာ ရေးတတ်/ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၁၀%မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ချက်ရာခိုင်နှုန်းလည်း မြင့်မားသည်။ ကျောင်းတွင် ပရိဘောဂတို့ မူလတန်းပြဆရာ/မ ၃ ဦးရှိပြီး တပည့်ဆရာအချိုးသည် ၂၇ ဦးရှိသဖြင့် ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိသော်လည်း ပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသား များအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ (၃)မိုင်ခန့်ဝေးသည့် တောင်ကျေးရွာ/(၁၀)မိုင်ခန့်ဝေးသည့် ဖိုကုန်းတိုက်နယ်ဆေးရုံများသို့ ကာလမ်းဖြင့်သွားရောက်နိုင်ကြသည်။ ဆေးဆိုင်များမှာ ကျေးရွာတွင် ရရှိနိုင်ပြီး လိုအပ်ပါက တပ်ကုန်းမြို့သို့ အလွယ်တကူ သွားရောက်ဝယ်ယူနိုင်သည်။ ကျေးရွာတွင် ကျေးလက် ဆေးပေးခန်း မရှိသဖြင့် ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက်ဆေးပေးခန်းတစ်ခုရရှိနိုင်ရေးကို လိုလားနေကြသည်။

သောက်ရေအတွက် စိမ့်စမ်းရေကိုအဓိကထားသုံးစွဲကြပြီး လုံလောက်မှုမရှိပါ။။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှု နည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ် ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပါ ။ ကျေးရွာသည် တောင်စောင်း ဒေသဖြစ်သောကြောင့်အားကစားကွင်းများမရှိပါ။ ၎င်းတို့သည် ကျေးရွာရှိလူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး၊ရိုးရာယဉ်ကျေးမှုများကိုလည်းအစဉ်အဆက် ထိန်းသိမ်းကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့်အခြားပရဟိတ လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။

(၈) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည် ပြည်ထောင်စုကားလမ်းမကြီးနှင့် အလှမ်းမဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာတွင်းလမ်းများကို ကျောက်ခင်းလမ်း၊ကွန်ကရစ်လမ်း အဖြစ်ခင်းပေးရန် ကျေးရွာ/သား များက လိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော် ဆိုင်ကယ် ၄၈ စီး၊ကား ၄ စီးဖြင့် ကျေးရွာသူ/သားများအနေဖြင့် အပြန်အလှန်မီခို၍အသုံးပြုလျက် ရှိကြသည်။

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိသေးပါ။ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ် ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီ အသုံးပြု နိုင်ကြသည်။ အိမ် တိုင်းနီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်သည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသေးခြင်း မြို့ပြနှင့် အလှမ်းဝေးသောနေရာတွင်ရှိသောကြောင့် ရွာသူ/ရွာသားများသည် သတင်းစာ၊ ဂျာနယ်များဝယ်ယူဖတ်ရှုမှုအားနည်းပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(စျ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြ သော်လည်း လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်မှု အားနည်း သည်။အာမခံစနစ်ကိုသိရှိ ထားသူမရှိသလောက်ပင်ဖြစ်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါး ရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ ။ ရွာသားများသည် ကိုးကွေ့ရှိရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျွန်ုပ်တို့ ကိုးကွေ့ကျေးရွာသည် ပထဝီဝင်အနေအထားအရ တောင်စောင်းဒေသတွင်တည်ရှိပြီး၊ လမ်းပန်းဆက်သွယ်ရေးမှာလည်း(တစ်နှစ်ပတ်လုံး) နွေ/မိုး/ဆောင်း သွားလာနိုင်ပါသည်။

ကိုးကွေ့ကျေးရွာနှင့်အနီးဆုံးစျေးမှာ (၂၅)မိုင်ခန့်ကွာဝေးသည့် တပ်ကုန်းရှိ(၅)ရက်တစ်ဈေးဖြစ်ပြီး အမယ်စုံလင်စွာရရှိနိုင်ပေသည်။ပြင်ပပုဂ္ဂလိကငွေချေး အဖွဲ့များ၊ အစိုးရဌာနများနှင့်အချိတ်အဆက် အား ကောင်းမှုရှိပြီး ၎င်းအထောက်အပံ့များသည် ကျေးရွာ အတွက် ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြား အသေးစားလုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ရန် လွန်စွာအထောက်အပံ့ ကောင်းများဖြစ်စေပါသည်။ စိုက်ပျိုး ရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေးစံပြစိုက်ကွက်များကို ကျေးရွာတွင်

စိုက်ပျိုးထားခြင်းသည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်းစနစ်များအား အချိန်နှင့်တစ်ပြေးညီ ရရှိစေသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် တောင်ပေါ်ဒေသဖြစ်ပြီး မြေဆီဩဇာအတော် အသင့်ကောင်းမွန်သည်။တောင်သူများလည်း ယာထွက်ကုန်များကို စျေးကွက်သို့ အချိန်မီအလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် နည်းလာပြီး ထိခိုက်ပျက်စီး ဆုံးရှုံးမှုမရှိပေ။ကျေးရွာတွင်မူလတန်းကျောင်းသာတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာအရည်အသွေးအပိုင်းတွင် ကောင်းသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် (၅)နှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

(က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက်ကောင်းမွန်လာစေရမည်။

(က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

(ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

(ခ.၃) ကျေးရွာတွင် စံချိန်မီသော စာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများ အလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။လိုအပ်ပါက အလယ်တန်း၊အထက်တန်းအဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

(ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစု ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိ

မည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း

ကျေးရွာတွင်းလမ်းများအနေဖြင့် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်ချိုင့်ခွက်များ၊ ရေတိုက် စားမှုများ၊ လမ်းချော်ခြင်းခြင်းများဖြစ်ပေါ်ခြင်းနှင့်နွေရာသီတွင် ဖုန်ထူထပ်ခြင်းများဖြစ်ပေါ်သောကြောင့် ကျေးရွာတွင်းလမ်းများအနေဖြင့် သွားလာရအလွန်ပင်ခက်ခဲပါသည်။ကျေးရွာအနေဖြင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ရန်အတွက် ငွေကြေးအခက်အခဲရှိပါသဖြင့် နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးမှုများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာတွင်းလမ်းများအားအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါက ကျေးရွာအနေဖြင့် ကျန်းမာရေး၊လူမှုရေး၊စီပွားရေးနှင့်ပညာရေးဆိုင်ရာကိစ္စရပ်များတွင် လွန်စွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကျေးလက်လူနေမှုဘဝများလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

(ဂ) ရေပိုက်နှင့် ရေလှောင်ကန်များတည်ဆောက်ခြင်း

ကျေးရွာအနေဖြင့် နွေရာသီတွင် သောက်သုံးရေဖူလုံစွာမလုံလောက်သောကြောင့် ရေကိုးခြိုးခြံချွေတာသုံးစွဲနေရသည့် ပြဿနာရှိပါသည်။ မိုးရာသီများတွင် မိုးရေများသိုလှောင်ပြီး သောက်သုံးရေအတွက် သုံးစွဲနိုင်သော်လည်း နွေရာသီတွင် သောက်သုံးရေ မဖူလုံသောကြောင့် ဝေးလံသောနေရာများအထိ သွားရောက်ခပ်ယူသုံးစွဲရပါသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပိုက်နှင့် ရေလှောင်ကန်များ ထောက်ပံ့ပေးသင့် ပါသည်။

(ဃ) ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း

ကိုးကွေ့ကျေးရွာတွင် ကျေးရွာတွင်း ခန်းမဆောင်မရှိသောကြောင့် ကျေးရွာတွင်း သာရေး၊နာရေးဆိုင်ရာလူမှုရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊ ကျေးရွာတွင်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဌာနဆိုင်ရာ လူမှုရေးကိစ္စများ၊ ဘာသာရေးဆိုင်ရာကိစ္စများ၊အစည်းအဝေးများစသည့်တို့ကျင်းပပြုလုပ်ရာတွင် ကျေးရွာအနေဖြင့် ခန်းမဆောင်တည်ဆောက်ရန် မြေနေရာရှိထားပြီးဖြစ်သော် ငွေကြေးဆိုင်ရာအခက်အခဲများရှိပါသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနေသောဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများဖြင့် ထောက်ပံ့ပေးစေလိုပါသည်။

(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ကိုကွေ့ကျေးရွာရှိ ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက်ပေး နိုင်သောလုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း များဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စား ကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံ

များပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စား သောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ ဆိုင်ကယ်ပြုပြင်ရေးသင်တန်းကဲ့သို့သော အတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့ များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါ သည်။

